ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်

# မြန်မာနိုင်ငံရေအရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်း

**အကျဉ်းချုပ်**

ဤစာတမ်းတိုတွင် ရေအရင်းအမြစ်များ၏အရေးပါပုံများ၊ စီမံခန့်ခွဲခြင်းများနှင့် ရေအရင်းအမြစ်များထိန်းသိမ်းခြင်းဆိုင်ရာ အချက်အလက်များကို ဖော်ပြထားပါသည်။

မြန်မာနိုင်ငံအပါအဝင်နိုင်ငံအချို့တို့တွင် ရေအရင်းအမြစ်ပိုင်ဆိုင်မှုပမာဏ၊ နိုင်ငံတော်မှ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းပေးခဲ့ခြင်း နှင့် ယင်းကော်မတီမှ ချမှတ်ထားသည့်ရေမူဝါဒ၏ ရည်ရွယ်ချက်များ၊ နိုင်ငံတော်နှင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းတို့၏ ပူးပေါင်းဆောင်ရွက်နေမှုများ၊ ကျွမ်းကျင်ပညာရှင်အချို့၏အမြင်များနှင့် နိုင်ငံတော်ဒုတိယသမ္မတက အလေးထား၍အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်း ပြောကြားချက်များ၊ နိုင်ငံအချို့တွင် ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းပြီး ဥပဒေများ ပြဋ္ဌာန်း၍ စနစ်တကျစီမံဆောင်ရွက်နေမှုများ၏ အချက်အလက်များကို စုစည်း၍စာတမ်းတိုအဖြစ်ပြုစု တင်ပြထားခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤစာတမ်းတိုတွင် ရေအရင်းအမြစ်စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းခြင်းဆိုင်ရာတို့၏ ယေဘုယျသတင်းအချက်အလက်များကို ဖော်ပြထားခြင်းကြောင့် သိရှိလိုသည့် လွှတ်တော် ကိုယ်စားလှယ်များအား အထောက်အကူဖြစ်နိုင်မည်ဟု ယုံကြည်ပါသည်။

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|
| ၁။ | နိဒါန်း | ၃ | ၃ |
| ၂။ | ရေအရင်းအမြစ်ဆိုင်ရာအကြောင်းအရာများ | ၃ | ၄ |
| ၃။ | ရေအရင်းအမြစ်စီမံခန့်ခွဲခြင်းများ | ၅ | ၅ |
| ၄။ | အစိုးရမှ ချမှတ်ထားသည့် ရေမူဝါဒ | ၆ | ၇ |
| ၅။ | အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ ဆောင်ရွက်ချက်များ | ၈ | ၉ |
| ၆။ | ရေအရင်းအမြစ်များလျော့နည်းလာခြင်းအကြောင်းအရင်း | ၉ | ၉ |
| ၇။ | ရာသီဥတုပြောင်းလဲခြင်းကြောင့် ရေအရင်းအမြစ်လျော့နည်းခြင်း | ၉ | ၁၀ |
| ၈။ | လူတို့၏ပယောဂကြောင့် ရေအရင်းအမြစ်များလျော့နည်းခြင်း | ၁၀ | ၁၀ |
| ၉။ | ပြည်တွင်းဒေသအသီးသီး၏ ရေအရင်းအမြစ်များ၏အခြေအနေများ | ၁၀ | ၁၁ |
| ၁၀။ | အစိုးရနှင့်ပြည်သူအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်နေမှုများ | ၁၁ | ၁၂ |
| ၁၁။ | ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ၏ တိုက်တွန်းပြောကြားချက် | ၁၂ | ၁၂ |
| ၁၂။ | ပညာရှင်များ၏အမြင်များ | ၁၂ | ၁၃ |
| ၁၃။ | နိုင်ငံအချို့တွင်ဆောင်ရွက်နေမှုများ | ၁၃ | ၁၅ |
| ၁၄။ | နိဂုံး | ၁၆ | ၁၆ |

## နိဒါန်း

၁။ ရေအရင်းအမြစ်၏ စီမံခန့်ခွဲခြင်းဆိုသည်မှာ သဘာဝဂေဟစနစ်များကို မထိခိုက်စေရန်နှင့် ရေရှည်တည်တံ့စေရန်အတွက် ရေအရင်းအမြစ်များအား စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်းတို့ပင် ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ရေအရင်းအမြစ်ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံ ဖြစ်သော်လည်း ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကြောင့် ရေအရင်း အမြစ်များပြောင်းလဲခြင်း၊ ပျက်စီးခြင်း၊ လျော့နည်းခြင်းများဖြစ်ပေါ်လျက်ရှိပါသည်။[1]

၃။ ထို့ကြောင့်ရေအရင်းအမြစ်များ ရေရှည်တည်တံ့စေရန်အတွက် မြစ်ချောင်းများကို ထိန်းသိမ်းခြင်း၊ မြစ်ဝှမ်းဒေသများအား စီမံခန့်ခွဲခြင်းနှင့်အတူ ရေအရင်းအမြစ်များကို ကာကွယ် ထိန်းသိမ်းရန်လိုအပ်ပါသည်။

## ရေအရင်းအမြစ်ဆိုင်ရာအကြောင်းအရာများ

၄။ သဘာဝအရင်းအမြစ်များစွာရှိသည့်အနက် ရေအရင်းအမြစ်သည် အရေးပါဆုံးနှင့် အပေါ များဆုံးအရင်းအမြစ်လည်းဖြစ်ပါသည်။ ရေသည်သက်ရှိများအသက်ရှင် နေထိုင်မှု၊ စားနပ်ရိက္ခာ ဖူလုံမှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားတို့၏ ဂုဏ်သိက္ခာနှင့် ယဉ်ကျေးမှုများ တည်တံ့နိုင်ရေး တို့အတွက် အခြေခံအကျဆုံးသော သဘာဝအရင်းအမြစ်တစ်ခု ဖြစ်ပါသည်။[2]

၅။ နိုင်ငံအသီးသီး၏ ရေအရင်းအမြစ်ပိုင်ဆိုင်မှု အခြေအနေများသည် တစ်ဖက်ပါဇယား အတိုင်းဖြစ်ပါသည်-

[1] ရေသုံးစွဲမှု နှင့် ရေအရင်းအမြစ် ထိန်းသိမ်းရေး ပြည်သူများ အမျိုးသားရေး အသိဖြင့် ဝိုင်းဝန်း ကူညီဆောင်ရွက်

[2] http://greenirrawaddy.blogspot.com/2010/01/blog-post.html မှကောက်နုတ်ရရှိပါသည်။

## နိုင်ငံအသီးသီး၏ ရေအရင်းအမြစ်ပိုင်ဆိုင်မှု အခြေအနေ ထုထည်ပမာဏ

(ကုဗမီတာ$cm^3$)

| ပိုင်ဆိုင်မှုအဆင့် | နိုင်ငံအမည် | မြေအောက်ရေ ပြန်လည်ဖြည့်တင်းနိုင်သောရေအရင်းအမြစ် | မြေအောက်ရေ ရေအရင်းအမြစ် | မြေပြင်ပေါ်ရှိ ရေပမာဏ ရေအရင်းအမြစ် | စီးဆင်းရေဖြင့် ပြန်လည်ဖြည့်တင်းနိုင်သောရေအရင်းအမြစ် |
|---|---|---|---|---|---|
| ၁ | ဘရာဇီးလ် | ၅၄၁၈ | ၁၈၇၄ | ၅၄၁၈ | ၈၂၃၃ |
| ၂ | ရုရှား | ၄၃၁၂ . ၇ | ၇၈၈ | ၄၀၃၆. ၇ | ၄၅၀၇. ၂၅ |
| ၃ | အမေရိက | ၂၈၁၈ . ၄ | - | - | ၃၀၆၉. ၄ |
| ၄ | ကနေဒါ | ၂၈၅၀ | ၃၇၀ | ၂၈၄၀ | ၂၉၀၂ |
| ၅ | တရုတ် | ၂၈၇၉ . ၄ | ၈၃၂. ၈ | ၂၇၇၄. ၅ | ၂၈၉၆. ၅၇ |
| ၆ | အင်ဒိုနီးရှား | ၂၈၃၈ | ၄၅၅ | ၂၇၉၃ | ၂၈၃၈ |
| ၇ | ကိုလံဘီယာ | ၂၁၁၂ | ၅၁၀ | ၂၁၁၂ | ၂၁၃၂ |
| ၈ | အမေရိကန် | ၂၀၀၀ | ၁၃၀၀ | ၁၈၆၂ | ၂၀၇၁ |
| ၉ | ပီရူး | ၁၆၁၆ | ၃၀၃ | ၁၆၁၆ | ၁၉၁၃ |
| ၁၀ | အိန္ဒိယ | ၁၂၆၀ . ၅၄ | ၄၁၈. ၅၄ | ၁၂၂၂ | ၁၉၀၇.၇၆ |
| ၁၁ | ကွန်ဂို | ၉၀၀ | ၄၂၁ | ၈၉၉ | ၁၂၈၃ |
| ၁၂ | ဗင်နီဇွဲလား | ၇၂၂ . ၄၅ | ၂၂၇ | ၇၀၀. ၁၄ | ၁၂၃၃.၁၇ |
| ၁၃ | ဘင်္ဂလားဒေ့ရှ် | ၁၀၅ | ၂၁. ၀၉ | ၈၃. ၉၁ | ၁၂၁၀.၆၄ |
| ၁၄ | မြန်မာ | ၈၈၀. ၆ | ၁၅၆ | ၈၇၄. ၆ | ၁၀၄၅.၆ |

၆။ မြန်မာနိုင်ငံ၏ ရေသယံဇာတအရင်းအမြစ်များပိုင်ဆိုင်မှုမှာ ကမ္ဘာ့အဆင့် (၁၄)တွင်ရှိပြီး အာရှဒေသနိုင်ငံများနှင့် နှိုင်းယှဉ်ပါကအဆင့် (၅) တွင်ရှိသည်ကို တွေ့ရှိရပါသည်။[4]

[3] မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်ပိုင်ဆိုင်မှု ကမ္ဘာတွင် အဆင့် (၁၄) ရှိပြီး အာရှဒေသနိုင်ငံများတွင် အဆင့် (၅)တွင်ရှိ၊ ရှိပြီးသော ရေအရင်းအမြစ်များ ကာကွယ် ထိန်းသိမ်းရန် ဥပဒေတစ်ရပ်အခိုင်အမာ ပြဋ္ဌာန်းရန်လိုအပ်ကြောင်း ပညာရှင်များသုံးသပ်၊ http://shwepheoo.blogspot.com/2012/01/blog-post_6064.html မှကောက်နုတ်ရရှိပါသည်။

[4] http://myanmar.mmtimes.com/index.php/national-news/9712-2014-03-20-10-47-57.html မှကောက်နုတ်ရရှိပါသည်။

## ရေအရင်းအမြစ် စီမံခန့်ခွဲခြင်းများ

၇။ ရေအရင်းအမြစ်စီမံခန့်ခွဲရာတွင် ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှု၊ စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်အကဲဖြတ်မှု (Monitoring and Evaluation) တို့ဖြင့်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ရေအရင်းအမြစ်စီမံခန့်ခွဲခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ စီမံကိန်းများချမှတ်ခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ရေးတို့အတွက် မြစ်ဝှမ်းဒေသကို အခြေခံယူနစ်အဖြစ် သတ်မှတ်ပြီး ဘက်စုံရေအရင်းအမြစ် စီမံခန့်ခွဲမှုနည်းပညာများဖြင့် (Integrated Water Resources Management Approach) ဆောင်ရွက် ရမည်ဖြစ်ပါသည်။[5] ရေအရင်း အမြစ်စီမံခန့်ခွဲမှုကို ဆောင်ရွက်ရာတွင်-

(က) မြေအောက်ရေအရင်းအမြစ်အတွက် မြေအောက်ရေအောင်းလွှာများ၏ ရေခိုအောင်းနိုင်သော ပမာဏ၊ ထုတ်ယူသုံးစွဲနိုင်သော ပမာဏနှင့် ရေစာရင်းတို့ကို ပြုစုခြင်း၊[6]

(ခ) မြို့ပြဆိုင်ရာ ရေနုတ်မြောင်းများနှင့် မြစ်၊ ချောင်းများ၏ ရေစီးရေလာ ကောင်းမွန်အောင် ပြုပြင်မွမ်းမံမှုများကို ဆောင်ရွက်ခြင်း၊[7]

(ဂ) ရေခံ၊ မြေခံ၊ မြေဆီလွှာအမျိုးအစားနှင့် အခြားအချက်အလက်များကိုအခြေခံ၍ စိုက်ပျိုးရေးဆိုင်ရာနည်းဗျူဟာအမျိုးမျိုးကိုဖော်ထုတ်ခြင်း၊

(ဃ) မြေယာ၊ မြေဆီလွှာ၊ စွမ်းအင်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် စီမံခန့်ခွဲ ခြင်းစသည်တို့ဖြစ်ပါသည်။[8]

၈။ ရေဆိုင်ရာ စီမံခန့်ခွဲမှုများကို စနစ်တကျဆောင်ရွက်နိုင်ခြင်း မရှိလျှင်ရေရှည်တွင်ရေကြီးရေလျှံမှုများနှင့် ရေရှားပါးမှုများကြုံတွေ့နိုင်ပါသည်။ ရေအရင်းအမြစ်များကို စနစ်တကျထိထိရောက်ရောက် စီမံခန့်ခွဲရန်လိုအပ်ပါသည်။ [9]

---

[5] Advisory Group of NWRC ,Myanmar National Water Policy August 2015 မှကောက်နုတ်ရရှိပါသည်။
[6] Advisory Group of NWRC ,Myanmar National Water Policy August 2015 မှကောက်နုတ်ရရှိပါသည်။
[7] Advisory Group of NWRC ,Myanmar National Water Policy August 2015 မှကောက်နုတ်ရရှိပါသည်။
[8] Advisory Group of NWRC ,Myanmar National Water Policy August 2015 မှကောက်နုတ်ရရှိပါသည်။
[9] ဒုတိယသမ္မတ ဦးညာဏ်ထွန်း အမျိုးသားအဆင့် ရေညီလာခံ ၂၀၁၄ http://203.81.89.211/2014m3/?q=issues/environment/id-7012 မှကောက်နုတ်ရရှိပါသည်။

## အစိုးရမှ ချမှတ်ထားသည့် ရေမူဝါဒ

၉။ ရေအရင်းအမြစ်များအား ထိန်းသိမ်းစောင့်ရှောက်ရန် ရေအရင်းအမြစ် စီမံခန့်ခွဲမှုကဏ္ဍသည် အဓိကကျပါသည်။ မိမိတို့ပတ်ဝန်းကျင်ရှိ ရေအရင်းအမြစ်များအားလုံးကို ခြုံငုံထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

၁၀။ ရေအရင်းအမြစ် ထိခိုက်ပျက်စီးစေခြင်း၊ မြေအောက်ရေလျော့နည်းစေခြင်း၊ သစ်တောများထိခိုက်ပျက်စီးစေခြင်းများမရှိစေရန် မြစ်ဝှမ်းဒေသများတွင်သဲနုန်း၊ မြေဆီလွှာတိုက်စားပို့ချခြင်း ကာကွယ်ရန်အတွက် ထိရောက်သောနည်းပညာများနှင့် စီမံခန့်ခွဲရန် လိုအပ်ပါသည်။[10]

၁၁။ ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် နိုင်ငံတော်အစိုးရသည် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ တွင် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီကို စတင်ဖွဲ့စည်း ပေးခဲ့ပါသည်။

၁၂။ အဆိုပါကော်မတီက မြန်မာနိုင်ငံ အမျိုးသားအဆင့် ရေမူဝါဒကို အစိုးရအဖွဲ့သို့တင်ပြပြီး ၁၁-၆-၂၀၁၅ ရက်နေ့တွင် အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် ၁၂/၂၀၁၅ တွင် အတည်ပြုခဲ့ပါသည်။

၁၃။ ရေမူဝါဒသည် နိုင်ငံတကာစံနှုန်းနှင့် လုပ်ထုံးလုပ်နည်းများကို အဓိကအခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအမျိုးသားအဆင့် ရေမူဝါဒတွင် အခန်းပေါင်း (၁၇)ခန်းပါဝင်ပြီး မြန်မာနိုင်ငံအမျိုးသားအဆင့် ရေမူဝါဒ၏ ရည်ရွယ်ချက်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

- နိုင်ငံတော်အတွက် လွှမ်းခြုံအရေးပါသည့် အမျိုးသားအဆင့်ရေမူဝါဒတစ်ခုကိုနိုင်ငံတော်အတွင်း ရေလိုအပ်မှုများနှင့် အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်မှု မူဝါဒအပေါ်အခြေခံ၍ရေးသားအဆိုပြုရန်၊
- ရေအရင်းအမြစ်များနှင့် ရေဆိုင်ရာဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းအသီးသီးတို့အကြား ပူးပေါင်းဆောင်ရွက်မှု၊ ဆက်သွယ်မှုနှင့် သတင်းအချက်အလက်

[10] ဒုတိယသမ္မတ ဦးညဏ်ထွန်း အမျိုးသားအဆင့် ရေညီလာခံ၊ ၂၀၁၄ http://203.81.89.211/2014m3/?q=issues/environment/id-7012 မှကောက်နုတ် ရရှိပါသည်။

ဖလှယ်မှုတို့ ပိုမိုအားကောင်းပြီး လျင်မြန်သွက်လက်စေရန် လိုအပ်သော နိုင်ငံတော် ရေဆိုင်ရာအမြင့်ဆုံးအဖွဲ့အစည်း (Water Apex Body) တစ်ရပ် ဖွဲ့စည်းရန်၊

- နိုင်ငံတော်၏ ရေအရင်းအမြစ်အားလုံးနှင့် အဓိကကျသောမြစ်ဝှမ်းများကို သင့်တင့် လျောက်ပတ်စွာ စီမံခန့်ခွဲနိုင်ရန်၊ လိုအပ်သောရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ များ၊ အဖွဲ့အစည်းများနှင့် လူသားအရင်းအမြစ်တို့ကို အရည်အသွေးမြှင့်တင်ပေးမှုများ အတွက် အစိုးရမှ ရေဆိုင်ရာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်၊
- ရေပေးဝေမှု၊ မိလ္လာနှင့်ရေသန့်၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ရေသွင်း စိုက်ပျိုးမှု၊ ရေအားလျှပ်စစ်စသည့်ကဏ္ဍများတွင် ဝန်ဆောင်မှုပေးသူများ၏ စွမ်းဆောင် နိုင်ရည်နှင့် တာဝန်ခံမှုတို့ကို တိုးမြှင့်ပေးရန်၊
- ရေရှည်တည်တံ့သော ရေအသုံးချနိုင်မှုနှင့် ပတ်သက်၍ ဗဟုသုတအတွေးအခေါ်နှင့် တာဝန်ယူလိုစိတ် ပေါ်ပေါက်လာစေရန်အတွက် အမြင်ဖွင့်ပေးရန်၊ အသိကြွယ်သော ပတ်ဝန်းကျင်ကို ဖန်တီးပေးရန်၊
- အခြားနိုင်ငံများနှင့် မျှဝေသုံးစွဲရသော မြစ်များ၊ နယ်စပ်ကျော်မြစ်များ (Trans boundary River)နှင့်ဆိုင်သော ကိစ္စရပ်များတွင် နိုင်ငံတော်၏ အမျိုးသားအဆင့် ရေမူဝါဒနှင့် ရပ်တည်ချက်ကို ထုတ်ပြန်ပေးရန်နှင့် မြစ်ကိုမျှဝေသုံးစွဲရသော နိုင်ငံများ အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် ဆောင်ရွက်ရန်၊
- ရေနှင့်ဆိုင်သော သတင်းအချက်အလက်များ၊ ဗဟုသုတများ၊ အသိအမြင်များ၊ နည်း ပညာများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ ဆွေးနွေးတိုင်ပင်မှုများ၊ အကျိုးတူပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်ပေးရန်၊
- ရေ၊ မိလ္လာနှင့် အညစ်အကြေးစွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှု ဆိုင်ရာတို့နှင့်သက်ဆိုင်သည့် ပညာပေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်း များ၊ အရည်အသွေးမြှင့်သင်တန်းများ၊ ကြီးကြပ်ကွပ်ကဲခြင်း၊ အရေးယူတည့်မတ် ပေးခြင်းနှင့် သင်ယူခြင်းတို့တွင် ရင်းနှီးမြှုပ်နှံရန်စသည်တို့ဖြစ်ပါသည်။[11]

[11] Advisory Group of NWRC ,Myanmar National Water Policy August 2015 မှကောက်နုတ်ရရှိပါသည်။

## အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ဆောင်ရွက်ချက်များ

၁၄။ ရေဥပဒေရေးဆွဲရေးအတွက် လူထုအကြံပြုဆွေးနွေးပွဲများနှင့် ရေဥပဒေလမ်းညွှန်မူဘောင်များပြုစုခြင်း၊ ရေနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနများအနေဖြင့်လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများဖြင့် လုပ်ဆောင်လျက်ရှိသည်ဟု မြန်မာနိုင်ငံရေအရင်းအမြစ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်နီနီသိန်းမှ ဆွေးနွေးပြောကြားပါသည်။[12]

၁၅။ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီအနေဖြင့် ရေအရင်းအမြစ်ဘက်စုံ စီမံခန့်ခွဲမှုစနစ်ကို မြန်မာနိုင်ငံတွင်အကောင်အထည်ဖော်ခြင်းဖြင့် ရေကို အကျိုးရှိစွာအသုံးချနိုင်သောနိုင်ငံတစ်နိုင်ငံ ဖြစ်လာရန်နှင့် ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအတွက် အကျိုးကျေးဇူးများရရှိခံစားနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။[13]

၁၆။ မြို့ပြဒေသများနှင့် ကျေးလက်ဒေသများတွင် လူဦးရေတိုးတက်မှုနှင့် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်များပြားလာခြင်းတို့ကြောင့် ရေလိုအပ်မှုပမာဏတိုးမြင့်လာသဖြင့် ရေအရင်းအမြစ်များဘက်စုံစီမံခန့်ခွဲမှုစနစ်ကို လက်တွေ့လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သောနည်းဗျူဟာများနှင့်လုပ်ငန်းအစီအစဉ်များချမှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။[14]

၁၇။ ရေနှင့်ပတ်သက်သည့် လိုအပ်သောဥပဒေပြုမှုနှင့် အကောင်အထည်ဖော်မှုတို့ကိုဆောင်ရွက်ရာတွင်လမ်းညွှန်နိုင်ရန်၊ ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် လွှမ်းခြုံအရေးပါသောယေဘုယျ စည်းမျဉ်းများပါရှိသည့် အမျိုးသားအဆင့် ရေဥပဒေလမ်းညွှန်မူဘောင်တစ်ရပ်ကို လိုအပ်လျက်ရှိပါသည်။[15]

[12] http://www.dwir.gov.mm/index.php/2014-07-15-08-04-50/2014-09-29-01-33-35 မှကောက်နုတ်ရရှိပါသည်။

[13] အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီမှ ထုတ်ဝေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားအဆင့်ရေမူဝါဒစာအုပ်မှ ကောက်နုတ်ထားပါသည်။

[14] အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီမှ ထုတ်ဝေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားအဆင့်ရေမူဝါဒစာအုပ်မှ ကောက်နုတ်ထားပါသည်။

[15] ဒုတိယသမ္မတ ဦးဉာဏ်ထွန်း အမျိုးသားအဆင့် ရေညီလာခံ ၂၀၁၄ http://203.81.89.211/2014m3/?q=issues/environment/id-7012 မှကောက်နုတ်ရရှိပါသည်။

၁၈။ ရေဥပဒေပေါ်ပေါက်လျှင် ရေကို ကဏ္ဍစုံအသုံးပြုမှုများတွင် မျှတမှုရှိစေရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် ပြည်သူလူထုဘဝ အရည်အသွေးမြင့်မားလာခြင်း၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာခြင်းနှင့် တည်ငြိမ်အေးချမ်းခြင်းအကျိုးရလဒ်များ ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။[16]

## ရေအရင်းအမြစ်များလျော့နည်းစေသည့်အကြောင်းအရင်း

၁၉။ ရေအရင်းအမြစ်လျော့နည်းရခြင်း အကြောင်းအရင်းမှာ-

(က) ရာသီဥတုပြောင်းလဲခြင်းအကျိုးဆက်နှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ရေ အရင်းအမြစ်လျော့နည်းခြင်း၊

(ခ) လူတို့၏ပယောဂကြောင့် ညစ်ညမ်းရေများပြားလာပြီး ရေအရင်းအမြစ်လျော့နည်းခြင်း စသည်တို့ဖြစ်ပါသည်။[17]

### (က) ရာသီဥတုပြောင်းလဲခြင်းကြောင့် ရေအရင်းအမြစ်လျော့နည်းခြင်း

၂၀။ ရာသီဥတုပြောင်းလဲမှုတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ ရေရှားပါးခြင်း၊ မြစ်ချောင်းများ၏ ရေလမ်းကြောင်းများပြောင်းလဲခြင်း၊ မြေဆီလွှာပျက်သုန်းခြင်း၊ မိုးခေါင်သည့်ကြိမ်နှုန်းစိပ်လာခြင်းနှင့် မြေပေါ်မြေအောက်ရေ အရည်အသွေးကျဆင်းလာခြင်းများကိုနှစ်စဉ်တွေ့ကြုံ နေရပါသည်။[18]

၂၁။ ရာသီဥတုပြောင်းလဲမှုကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာပြီး ဆားငန်ရေများသည် ကုန်းတွင်းရေချိုမြစ်များနှင့် မြေအောက်ရေချိုများရှိရာသို့ တိုးဝင်လာခြင်းများဖြစ်ပေါ်စေပါသည်။[19]

---

[16] Advisory Group of NWRC ,Myanmar National Water Policy August 2015 မှကောက်နုတ်ရရှိပါသည်။
[17] http://myawady-myawady.blogspot.com/2014/05/blog-post_9961.html (အယ်ဒီတာ့အာဘော်)မှကောက်နုတ်ရရှိပါသည်။
[18] ရေအရင်းအမြစ်ဆိုင်ရာ ပညာရှင်များနှင့် တွေ့ဆုံခြင်း၊ http://www.mawkun.com/2073 မှကောက်နုတ်ရရှိပါသည်။
[19] Advisory Group of NWRC ,Myanmar National Water Policy August 2015 မှကောက်နုတ်ရရှိပါသည်။

### (ခ) လူတို့၏ပယောဂကြောင့် ရေအရင်းအမြစ်များလျော့နည်းခြင်း

၂၂။ လူတို့၏ပယောဂကြောင့် ရေထုကိုညစ်ညမ်းစေသည့် စွန့်ပစ်ပစ္စည်းများမှာ- မိလ္လာ၊ အညစ်အကြေး၊ ငါး၊ ပုစွန်နှင့် အခြားစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ စွန့်ထုတ်လိုက်သော ရေဆိုး၊ အညစ်အကြေးများသည် ရေထုကိုပိုမိုညစ်ညမ်းစေခဲ့ပါသည်။

၂၃။ စက်မှုလုပ်ငန်းများမှ ထုတ်ပစ်သော ရေဆိုးများ၊ ဆီများ(အဆီ၊ စားသုံးဆီ၊ ရေနံ၊ ဓါတ်ဆီ၊ ချောဆီ အပါအဝင်)၊ ပိုးသတ်ဆေးများ၊ ဓါတ်မြေသြဇာများ၊ အက်စစ်များ၊ ဓာတုပစ္စည်းများ၊ နွံ(အနည်အနှစ်များ)၊ စက်ရုံများမှပြန်စွန့်ထုတ်သည့်ရေပူများနှင့် အခြားသောအရာများတို့ဖြစ်ပါသည်။[20]

## ပြည်တွင်းဒေသအသီးသီး၏ ရေအရင်းအမြစ်များ၏အခြေအနေများ

၂၄။ မြန်မာပြည်အလယ်ပိုင်း (မန္တလေး၊ မကွေး၊ စစ်ကိုင်း) တိုင်းဒေသကြီးတို့တွင် သောက်သုံးရေရရှိရန်အလွန်ခက်ခဲပြီး မြေအောက်ရေကို ပေ ၆၀၀၊ ပေ ၁,၀၀၀ အထိ တူးယူရပါသည်။

၂၅။ ရန်ကုန်တိုင်းဒေသကြီး အနီးတွင်ရှိသော ခရမ်း၊ သုံးခွ၊ ကော့မှူးမြို့နယ်တို့တွင် ရေငန်များဝန်းရံလျက်ရှိပါသည်။

၂၆။ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်း၊ ကျုံပျော်၊ ဟင်္သာတ၊ သာပေါင်းနှင့် ရေကြည်မြို့နယ်များရှိ အနီးဝန်းကျင်တွင် ခဲရည်ကြိုခြင်း၊ သတ္တု အရည်ကြိုခြင်း လုပ်ငန်းများလုပ်ကိုင်ခြင်းကြောင့်မြေအောက်ရေများတွင် အာဆင်းနစ်ပါဝင်မှုနှုန်း မြင့်မားနေကြောင်း သိရှိရပါ သည်။

၂၇။ ထို့အတူ မန္တလေးစက်မှုဇုန်များနှင့် ပတ်ဝန်းကျင် စက်ရုံများမှ ရေဆိုးများ စည်းကမ်းမဲ့စွန့်ပစ်မှုကြောင့် တောင်သမန်အင်းပတ်ဝန်းကျင်နှင့် ရေထုညစ်ညမ်းမှုများကို ဖြစ်ပေါ်လျက်ရှိပါသည်။

၂၈။ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော် မြို့နယ်အတွင်းသို့ စီးဆင်းလျက်ရှိသော မဲဇာချောင်းရေ နှင့်လေးတန်ချောင်းရေများသည် ချောင်းဖျားများ၌ တရားမဝင် ရွှေတူးဖော်မှုကြောင့် ရေများညစ်ညမ်းလျက်ရှိပါသည်။

---

[20] Advisory Group of NWRC ,Myanmar National Water Policy August 2015 မှကောက်နုတ်ရရှိပါသည်။

၂၉။ မကွေးတိုင်းဒေသကြီး အောင်လံမြို့ရှိ စက်ရုံအချို့မှ စွန့်ပစ်ရေများကြောင့် ဧရာဝတီမြစ်ရေကို သောက်သုံးရေ၊ ချိုးရေအဖြစ် အသုံးမပြုနိုင်ခြင်းတို့ကို ၂၀၁၃ ခုနှစ်၏ သတင်းစာဂျာနယ်များ၌ ဖော်ပြချက်များအရ လေ့လာသိရှိရပါ သည်။[21]

၃၀။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့၏ဒေသများတွင် ရွှေနဲ့သတ္တု တူးဖော်ခြင်း၊ ကျောက်မျက်တူးဖော်ခြင်းများကြောင့်သဲနုန်းများအနည်ထိုင်မှုပိုမိုများပြားလာပြီး ရေနက်ကြောင်းအတွင်းလုံလောက်တဲ့ရေအနက်မရရှိခြင်းနှင့်ရေလမ်းကြောင်းများပြောင်းလဲမှုဖြစ်ပေါ်လျက်ရှိပါသည်။[22]

## အစိုးရနှင့် ပြည်ပအဖွဲ့အစည်းများ၏ပူးပေါင်းဆောင်ရွက်နေမှုများ

၃၁။ မြန်မာနိုင်ငံအတွင်း ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲနိုင်ရေးအတွက် နယ်သာလန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့်အပြင် မြန်မာ့ရေကဏ္ဍဖွံ့ဖြိုးလာစေရန် သက်ဆိုင်ရာနယ်ပယ်အလိုက် ကမ္ဘာ့နိုင်ငံများမှ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၃၂။ ရေသယံဇာတဆိုင်ရာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းစနစ်အတွက်စွမ်းဆောင်ရည်ဖွံ့ဖြိုးမှု တည်ဆောက်ရေးစီမံကိန်း(The Project for Capacity Development in Basic Water Environmental Management and EIA System in Myanmar) ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြန်မာတစ်နိုင်ငံ လုံးတွင်ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)၏နည်းပညာအကူအညီ ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။[23]

၃၃။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Stockholm Environment Institute (SEI)တို့အကြား ဧရာဝတီမြစ်အနာဂတ် ဖွံ့ဖြိုးတိုးတက်မှု "ဧရာဝတီမြစ်ဝှမ်းဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အစပျိုးဆောင်ရွက်ရေး" အတွက် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်မှတ်တမ်း (Agreed Minute)ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

[21] ရေအရင်းအမြစ်များ အသိစိတ်ဖြင့်ထိန်းသိမ်း March 19, 2014 http://myawady-myawady.com/2014/05/post_9961.html မှကောက်နုတ်ရရှိပါသည်။
[22] http://first.omimyanmar.org/omi/motion/view/53d0e353ad17d7c01655ad75
[23] အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ပထမ(၅)နှစ်စီမံကိန်းမှ နိုင်ငံခြားအထောက်အပံ့ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ စာမျက်နှာ ၅၉၂ မှကောက်နုတ်ရရှိပါသည်။

၃၄။ ၂၀၁၄ ခုနှစ် အတွင်းတွင် ဧရာဝတီမြစ်၏ အဓိကမြစ်လက်တက် ဖြစ်သော ချင်းတွင်းမြစ်တွင် Pilot Assessment ပြုလုပ်ခြင်းနှင့် ရေနှင့်ဆက်နွယ်သော ဌာနအဖွဲ့အစည်းများအား အထောက်အကူပြုရန်အတွက် ရန်ပုံငွေကို Blue Moon Fund မှ ကူညီထောက်ပံ့ပြီး SEI မှ လုပ်ငန်းအကောင်အထည်ဖော်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။[24]

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ တိုက်တွန်းပြောကြားချက်

၃၅။ မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ်ဘက်စုံ စီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်းများတွင် ပြည်ထောင်စု နှင့်တိုင်းဒေသကြီးအဆင့်များ၊ မြစ်ဝှမ်းဒေသများ၊ အများပိုင်၊ ပုဂ္ဂလိကပိုင် ကဏ္ဍများ၊ ဆက်နွယ်သက်ဆိုင်သူများပါဝင်သည့် ဖွဲ့စည်းမှုဆိုင်ရာမူဘောင်လိုအပ်သည်။ စီမံခန့်ခွဲရေးအဖွဲ့များသည် ရေနှင့်ကဏ္ဍအလိုက် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှု၊ စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်အကဲဖြတ်မှုတို့ကို ညှိနှိုင်းဆောင်ရွက်ရမည်ဟု အမျိုးသားအဆင့်ရေအရင်းအမြစ် ကော်မတီအစည်းအဝေး (၁/၂၀၁၆)တွင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကပြောကြားပါသည်။[25]

## ပညာရှင်များ၏အမြင်များ

၃၆။ မြန်မာနိုင်ငံရှိ ရေအရင်းအမြစ်များအား ထိရောက်စွာစီမံခန့်ခွဲနိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသားအဆင့် ရေဥပဒေပေါ်ပေါက်လာရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအမျိုးသားအဆင့်ရေအရင်း အမြစ်ကော်မတီ၏ အတွင်းရေးမှူး၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ပြောကြားပါသည်။[26]

၃၇။ ရေမသန့်ရှင်းသည့် ပြဿနာနှင့် မြစ်ရေခန်းခြောက်လာခြင်းသည် မြန်မာနိုင်ငံတွင် အခြေအနေတစ်ခုကြုံနေရသော်လည်း ကာကွယ်နိုင်သည့်အဆင့်မှာ ရှိနေသောကြောင့် သက်ဆိုင်ရာအစိုးရအနေဖြင့် အချိန်မီထိန်းသိမ်းရန်လိုအပ်သည်ဟု သစ်တောသယံဇာတဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းဥက္ကဋ္ဌ ဦးအုန်းက ပြောကြားပါသည်။

---

[24] ဧရာဝတီမြစ် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် အတွက် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်း ဆွေးနွေးပွဲကျင်းပခြင်း http://www.dwir.gov. mm/ index. php/ 2014-07-15-08-04-50/2014-09-29-01-33-35#collapseOne

[25] Monday,March14,2016http://npeonline.blogspot.com/2016/03/blog-post_195.html?zx=42641c86e0c1256f မှကောက်နုတ်ရရှိပါသည်။

[26]Thursday, 20 March 2014 http://myanmar.mmtimes.com/index.php/national-news/9712-2014-03-20-10-47-57.html မှကောက်နုတ်ရရှိပါသည်။

၃၈။ “မြန်မာနိုင်ငံမှာ ရေအရင်းအမြစ်ပိုင်ဆိုင်မှုက ကမ္ဘာ့အဆင့်(၁၄)မှာရှိသည်။ သို့သော် ရေချို ရေကောင်းများရှားပါးလာခြင်းကို ကြုံတွေ့နေရသည်။ စက်မှုဖွံ့ဖြိုးလာခြင်းနှင့်အတူရေကို ဘယ်လိုရယူမလဲ၊ ဘယ်လိုစီမံခန့်ခွဲမလဲ၊ ရေနှင့် ပတ်သက်သည့်ကဏ္ဍများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရှိပြီးသားအရင်းအမြစ်များကို ဥပဒေပြဋ္ဌာန်းပြီး ထိန်းသိမ်းရန်လိုအပ်သည်ဟု” ဆည်မြောင်းဦးစီးဌာနမှ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ပြောကြားပါသည်။[27]

၃၉။ မြန်မာနိုင်ငံတွင် လက်ရှိစွမ်းအင်ထုတ်လုပ်မှု၏(၇၀) ရာခိုင်နှုန်းကိုရေအားလျှပ်စစ်မှ ထုတ်ယူနေခြင်းဖြစ်ပြီး နိုင်ငံအတွင်းတွင် ထပ်မံတိုးမြှင့်ထုတ်လုပ်နိုင်မည့် အလားအလာများရှိသော်လည်းရေချိုအရင်းအမြစ်ထိန်းသိမ်းမှုနှင့် စွမ်းအင်ထုတ်လုပ်မှုမှာဟန်ချက်ညီစေရန် သတိပြုမိဖို့ လိုအပ်သည်ဟု ကမ္ဘာလုံးဆိုင်ရာ ရေမိတ်ဖက်အဖွဲ့ဥက္ကဋ္ဌ (အရှေ့တောင်အာရှ) ဦးလှဘော်က ပြောကြားပါ သည်။[28]

## နိုင်ငံအချို့တွင်ဆောင်ရွက်နေမှုများ

### တရုတ်နိုင်ငံ

၄၀။ တရုတ်နိုင်ငံသည် ရေအရင်းအမြစ်စီမံခန့်ခွဲမှုများကို ဆောင်ရွက်နိုင်ရန်အတွက် ရေဥပဒေကို ပြဋ္ဌာန်းထားပါသည်။ ထိုဥပဒေတွင် ရေအရင်းအမြစ်စီမံခန့်ခွဲခြင်း၏ အစိတ်အပိုင်း (၂)ခုပါရှိပြီး မြစ်ဝှမ်းဒေသများအပေါ်အခြေခံ၍ စီမံအုပ်ချုပ်ခြင်းနှင့် အထူးစီမံခန့်ခွဲခြင်း တို့ဖြစ်ပါသည်။ အစိုးရအနေဖြင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုစနစ်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ပြီး အဓိကလုပ်ဆောင်ချက်ကြီး (၃)ခုရှိပြီး ယင်းလုပ်ဆောင်ချက်(၃)ခုမှာ ရေ အသုံးပြုမှုထိန်းချုပ်ခြင်း၊ ရေကိုအကျိုးရှိစွာ အသုံးပြုတတ်စေရန် လိုင်စင်ချမှတ်၍ ထိန်းချုပ်ခြင်း၊ ရေအရင်းအမြစ်အသုံးပြုသည့် စီမံကိန်းများအား စစ်ဆေးခြင်းများတို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။[29]

---

[27]ပူးပေါင်းအဖြေရှာဖို့လိုလားတဲ့ မြန်မာနိုင်ငံရဲ ရေစီမံခန့်ခွဲမှု၊ အေးစပယ်ဖြူ၊ Thursday, 29 May 2014 http://myanmar.mmtimes.com/index.php/ features/ 10522-2014-05-29-05-21-39.html မှကောက်နုတ်ရရှိပါသည်။

[28]ပူးပေါင်းအဖြေရှာဖို့လိုလားတဲ့ မြန်မာနိုင်ငံရဲ ရေစီမံခန့်ခွဲမှု၊ အေးစပယ်ဖြူThursday, 29 May 2014 http://myanmar.mmtimes.com/index.php/ features/ 10522-2014-05-29-05-21-39.html မှကောက်နုတ်ရရှိပါသည်။

[29] Water Resources Management and Protection in China The Strictest Water Resources Management System

## အိန္ဒိယနိုင်ငံ

၄၁။ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အတွက် အရေးကြီးသည့် ရေအက် ဥပဒေကို အိန္ဒိယပါလီမန်က ၁၉၇၄ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပါသည်။ ပြဋ္ဌာန်းထားသည့် ရေ ဥပဒေတွင် အခန်းကဏ္ဍများစွာပါဝင်ပြီး ရေလှောင်တမံများထိန်းသိမ်းခြင်း၊ သောက်သုံးရေ ဖြန့်ဖြူးခြင်း၊ ဆည်မြောင်းကဏ္ဍများဆောင်ရွက်ခြင်း၊ ရေကြီးခြင်း၊ ရေဆိုင်ရာသဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းခြင်း၊ မြစ်ချောင်းများ၏ ရေညစ်ညမ်းမှုဆိုင်ရာများဆောင်ရွက်ခြင်း၊ မြစ်ချောင်း များ ပြုပြင်ထိန်းသိမ်းခြင်း စသည့်အခန်းကဏ္ဍများကို ရေအက်ဥပဒေနှင့်အညီ အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါသည်။[30]

## မလေးရှားနိုင်ငံ

၄၂။ မလေးရှားနိုင်ငံသည် ၁၉၂၀ ပြည့်နှစ်တွင် ရေအက်ဥပဒေကို စတင်ပြဋ္ဌာန်းကျင့်သုံးခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ရေအက်ဥပဒေကို ပြန်လည်ပြင်ဆင်ခဲ့ပါသည်။ ရေအရင်းအမြစ်နှင့် စပ်လျဉ်း၍ ရေဆိုင်ရာကဏ္ဍစုံများပါဝင်ပြီး မြစ်ချောင်းများပိုင်ဆိုင်မှုကဏ္ဍ၊ မြစ်ကမ်းပါးများပြုပြင်ထိန်းသိမ်း ခြင်းကဏ္ဍ၊ လိုင်စင်ဖြင့်လုပ်ကိုင်သည့် လုပ်ငန်းများမှအပ မြစ်ချောင်းများအပေါ် ထိခိုက်မှုများကို ဥပဒေဖြင့်တားမြစ်ခြင်းကဏ္ဍ၊ မြစ်ချောင်းရေညစ်ညမ်းမှုများမရှိအောင် ဥပဒေဖြင့်တားမြစ်ခြင်း ကဏ္ဍ၊ မြစ်ကြောင်းပြောင်းလဲမှုများအပေါ် ထိန်းသိမ်းခြင်းကဏ္ဍနှင့်အခြား ကဏ္ဍများကိုလည်း ယင်းရေအက်ဥပဒေတွင်ပြဋ္ဌာန်းထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။[31]

## အမေရိကန်

၄၃။ အမေရိကန်နိုင်ငံတွင် ပြည်သူလူထု၏ထောက်ခံမှုကိုရယူပြီး အမေရိကန်ကွန်ဂရက်မှ Clean Water Act ကို ၁၉၇၂ ခုနှစ်တွင် အတည်ပြုခဲ့ပါသည်။ Clean Water Act ကို မူတည် ပြီး EPA (Enviromental Protection Agency) က Water Pollution ရေညစ်ညမ်းမှု အခြေ အနေကို စောင့်ကြည့်ပြီး ထိန်းချုပ်မှုပြုလုပ်ပေးလျက်ရှိပါသည်။ Clean Water Act သည်

---

[30] WATER LAW IN INDIA OVERVIEW OF EXISTING FRAMEWORK AND PROPOSED REFORMS http://www.ielrc.org/content/w0701.pdfInternational Environmental Law Research Centre International Environment House Chemin de Balexert 7, 1219 Châtelaine Geneva, Switzerland info@ielrc.org www.ielrc.org International Environmental Law Research Centre

[31] LAWS OF MALAYSIA Act 418 WATERS ACT P920 (Revised-1989)

Surface Water ထဲတွင် ညစ်ညမ်းစေသောအရာများ ပါဝင်ခွင့်ပြုနိုင်သည့် အတိုင်းအတာစံနှုန်းကို Allowable Levels of Contaminants of Standard သတ်မှတ်ပေးပါ သည်။

၄၄။ စက်ရုံများ၏ရေဆိုးစွန့်ပစ်မှုအဆင့် Wastwater Standard ကို သတ်မှတ်ပေးပါသည်။ ထို့အပြင်မြစ်ချောင်းများနှင့် ပင်လယ်သမုဒ္ဒရာထဲသို့ အညစ်အကြေးများ စွန့်ပစ်ခြင်းသည် လည်းရာဇဝတ်မှုအဖြစ် သတ်မှတ်ထားပါသည်။ Clean Water Act ကြောင့်လယ်ယာ၊ မြို့ပြ လမ်းမ၊ လမ်းသွယ်များ၏ပြဿနာများကို ဖြေရှင်းနိုင်ခြင်း၊ စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ရေထုညစ်ညမ်းမှုလျော့ကျအောင် ဆောင်ရွက်နိုင်ပါသည်။ [32]

**အီဂျစ်နိုင်ငံ**

၄၅။ အီဂျစ်နိုင်ငံ၏ ရေအရင်းအမြစ်အတွက် နိုင်းမြစ်သည် အဓိကအထောက်အကူပေးပါသည်။ သို့သော်နိုင်းမြစ်၏ရေအရင်းအမြစ်အပေါ် စီမံခန့်ခွဲမှုမရှိခဲ့ပါ။ ယခုအခါတွင် စီမံခန့်ခွဲမှု အားနည်းခြင်းကြောင့် အီဂျစ်နိုင်ငံသည် ရေနှင့် စပ်လျဉ်းသည့် ကုန်စည်များကိုနိုင်ငံရပ်ခြားမှ ပြန်လည်တင်သွင်းနေရသည့် အခြေအနေကို ရောက်ရှိနေပါသည်။[33]

**စင်ကာပူ**

၄၆။ စင်ကာပူနိုင်ငံသည် Kallang မြစ်ရေများကို ပြုပြင်ထိန်းသိမ်းနိုင်ရန်အတွက် flagship စီမံကိန်းကို ၂၀၁၂ ခုနှစ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုစီမံကိန်းကို ABC Waters Programme ကအကောင်အထည်ဖော်ပြီး စင်ကာပူနိုင်ငံ၏ မြို့တော်တစ်ခုလုံးအတွက် ရေဖြန့်ဝေရေးကဏ္ဍကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။[34]

[32] ရေအရင်းအမြစ် သန့် ရှင်းရေး ( Clean Water )http://kyawhtetwin.blogspot.com/p/blog-page_5948.html

[33] EPA (Environmental Protection Agency)[ http://www.epa.gov/ ]

[34] http://www.ramboll.com/megatrend/feature-articles/singapore-a-model-city-for-water-management မှကောက်နုတ်ရရှိပါသည်။

# နိဂုံး

၄၇။ ပြည်သူများဘေးကင်းသည့်ရေ ပိုမိုရရှိရေး၊ ရေအသုံးပြုမှုများတွင် မျှတမှုရှိစေရေး၊ အနာဂတ်တွင် အရင်းအမြစ်များအား ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေးတို့အတွက် ရေဥပဒေတစ်ရပ် ပေါ်ပေါက်ရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင်းရှိ ပေါကြွယ်ဝသော ရေအရင်းအမြစ်များကို နိုင်ငံသားအားလုံး၏အကျိုးစီးပွားနှင့် ရေရှည်ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေရန်အတွက် ဘက်စုံရေစီမံခန့်ခွဲရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေမည့် အချက်အလက်များကို စုစည်းရေးသားပြုစုထားခြင်းဖြစ်ပါသည်။။

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာတာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၃၉၁၂၈၄၊ ၀၆၇ - ၃၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com